The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၁၀) ၊ အမှတ်(၉) ၊ စက်တင်ဘာလ ၃၀၊ ၂၀၂၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# တိုက်ပွဲကာလကြာရှည်လာသည်နှင့်အမျှ ဘက်ပေါင်းစုံက ဆုံးရှုံးမှု ကြီးမားလာသည့် ရေဖြူ




**စက်တင်ဘာ ၁၅၊ ၂၀၂၅**

၂၀၂၅ ဇူလိုင်လဆန်းမှစ၍ တော်လှန်ရေးတပ်ဖွဲ့များ သွားလာလှုပ်ရှားနေသည်ဟု ဆိုကာ စစ်ကော်မရှင်တပ်က တနင်္သာရီတိုင်း ရေဖြူမြို့နယ် မရမ်းချောင်းနှင့် ကော့လှိုင်ကျေးရွာများကို လက်နက်ကြီးဖြင့် ဆက်တိုက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဆက်လက်ဖတ်ရှုရန် .......... စာမျက်နှာ (၄) သို့ >>>>

## Hots News


### ဗာလိန်ဒေသတွင် စစ်တပ်က ကင်းပုန်းဝပ်နေသည့်အတွက် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်နေ



စာမျက်နှာ ၇

### (၂) လအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်သူ မြန်မာ (၃၀၀) နီးပါး ဖမ်းဆီးခံရ





စာမျက်နှာ ၉

### စစ်ကော်မရှင်တပ် စစ်ကြောင်းထိုးခဲ့သည့် ရာဖူးကျေးရွာတွင် ရုပ်အလောင်းများ တွေ့ရှိ

Sep 18th, 2025




စာမျက်နှာ ၁၀

## အတွင်းဘက်မှာ ဖတ်ရှုရန်

1 မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်
စာမျက်နှာ- ၁၂

2 ၂၀၂၅ ဇန်နဝါရီလမှ ဩဂုတ်လအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၃

3 ၂၀၂၅ ဇန်နဝါရီလမှ ဩဂုတ်လအထိ ဒရုန်းနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၄

4 မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှု မှတ်တမ်း
စာမျက်နှာ- ၁၆ မှ ၃၃

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# လက်နက်ကိုင်ပဋိပက္ခများကြောင့် စိစိညက်ကြေခဲ့သည့် ရေဖြူမြို့နယ်

## (၂၀၂၅ စက်တင်ဘာလအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၁၀) အမှတ် (၉) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွား နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက် စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လ တစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၅ စက်တင်ဘာလတွင် မြို့နယ် (၁၄) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်းအပုဒ် (၃၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

၂၀၂၅ ဇူလိုင်လဆန်းမှစ၍ တော်လှန်ရေးတပ်ဖွဲ့များ သွားလာလှုပ်ရှားနေသည်ဟု ဆိုကာ စစ်ကော်မရှင်တပ်က တနင်္သာရီတိုင်း ရေဖြူမြို့နယ် မရမ်းချောင်းနှင့် ကော့လိုင်ကျေးရွာများကို လက်နက်ကြီးဖြင့် ဆက်တိုက်ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင်မူ စစ်တပ်က ရေဖြူမြို့နယ်ရှိ ကျေးရွာများအတွင်းသို့ စစ်ကြောင်းထိုး ဝင်ရောက်လာ သဖြင့် မွန်ကရင် တော်လှန်ရေးပူးပေါင်းတပ်များနှင့် စက်တင်ဘာလ (၁၀) ရက်နေ့အထိ တိုက်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့သည်။
စစ်ကြောင်းထိုးခြင်းနှင့် တိုက်ပွဲပြင်းထန်နေခြင်းတို့ကြောင့် ကော့လိုင်၊ သာယာမွန်၊ မရမ်းချောင်း၊ မိုင် (၆၀)၊ ရာဖူး၊ ဘုရားသုံးဆူ၊ ကျွဲတလင်း၊ လေ့သိုင်း၊ ကျောက်ကုတင်စသည့် ကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူသောင်းချီ ဘေး လွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။

စစ်တပ်က ဩဂုတ်လ (၂၄) ရက်နေ့တွင် သာယာမွန်ကျေးရွာမှ ဘုန်းတော်ကြီး (၁) ပါးအပါအဝင် အရပ်သားပြည် သူ (၂၀) ဦးကိုလည်းကောင်း၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် ရွာသား (၂၅) ဦးကိုလည်းကောင်း၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ရာဖူးရွာသား (၈) ဦးကိုလည်းကောင်း၊ စက်တင်ဘာလ (၉) ရက်နေ့တွင် ကျွဲတလင်းရွာသား(၃) ဦးကို လည်းကောင်း ဖမ်းဆီးခဲ့သည်။

ရေဖြူမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားနေသည့်ကာလတလျှောက် စစ်တပ်က သတ်ဖြတ်ခြင်း၊ လက်နက်ကြီးထိမှန်ခြင်း နှင့် မြေမြှုပ်မိုင်းပေါက်ကွဲခြင်းတို့ကြောင့် ကလေးငယ် (၂) ဦးအပါအဝင် အရပ်သား (၄) ဦးထက်မနည်း သေဆုံးခဲ့ပြီး (၁၀) ဦးကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။

စစ်ရေးတင်းမာနေသည့် ကျွဲတလင်း၊ မရမ်းချောင်း၊ သာယာမွန်၊ ရေပူရွာသစ်၊ ရာဖူး၊ ရွဲ့တိုင်၊ ကျောက္ကဒင်၊ အလယ်စခန်း၊ ဘုရားသုံးဆူနှင့် စိန်ဘုံကျေးရွာများတွင် ကျောင်းသားကျောင်းသူများသည် မိဘများနှင့်အတူ စစ်ဘေးရှောင်နေရသဖြင့် ကျောင်းများ ပိတ်ထားရသည်။

"ကလေးတွေအတော်များများ ကျောင်းမတက်နိုင်သေးဘူး။ အခြေအနေကောင်းရင် ရွာမှာ ကျောင်းပြန်တက်ဖို့ ရှိပေမဲ့ လောလောဆယ်တော့ ပစ်နေကြတုန်းပဲ။ ရွာမပြန်ရဲဘူး" ဟု ရေဖြူမြို့နယ်မှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းတွင် တိုက်ပွဲများ ပြင်းထန်လာခြင်းကြောင့် စစ်ရှောင်ပြည်သူဦးရေများ တိုးပွားလာသည့်အပြင် စစ်တပ်က လမ်းပန်းဆက်သွယ်ရေးများကို ဖြတ်တောက်ထားခြင်းကြောင့် ကုန်စည်များ ရှားပါးပြတ်လပ်လာပြီး ကုန်ဈေးနှုန်းများ မြင့်တက်လာသဖြင့် စစ်ရှောင်ပြည်သူများအပြင် ဒေသခံပြည်သူများပါ အကြပ်အတည်း ကြုံတွေ့နေရသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၅ စက်တင်ဘာလ



# တိုက်ပွဲကာလကြာရှည်လာသည်နှင့်အမျှ ဘက်ပေါင်းစုံက ဆုံးရှုံးမှု ကြီးမားလာသည့် ရေဖြူ

**စက်တင်ဘာ ၁၅၊ ၂၀၂၅**

၂၀၂၅ ဇူလိုင်လဆန်းမှစ၍ တော်လှန်ရေးတပ်ဖွဲ့များ သွားလာလှုပ်ရှားနေသည်ဟု ဆိုကာ စစ်ကော်မရှင်တပ်က တနင်္သာရီတိုင်း ရေဖြူမြို့နယ် မရမ်းချောင်းနှင့် ကော့လှိုင်ကျေးရွာများကို လက်နက်ကြီးဖြင့် ဆက်တိုက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင်မူ စစ်တပ်က ရေဖြူမြို့နယ်ရှိ ကျေးရွာများအတွင်းသို့ စစ်ကြောင်းထိုး ဝင်ရောက်လာသဖြင့် မွန်ကရင် တော်လှန်ရေးပူးပေါင်းတပ်များနှင့် စက်တင်ဘာလ (၁၀) ရက်နေ့အထိ တိုက်ပွဲများ မကြာခဏဖြစ်ပွားခဲ့သည်။

### နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရခြင်း

စစ်ကြောင်းထိုးခြင်းနှင့် တိုက်ပွဲပြင်းထန်နေခြင်းတို့ကြောင့် ကော့လှိုင်၊ သာယာမွန်၊ မရမ်းချောင်း၊ မိုင် (၆၀)၊ ရာဖူး၊ ဘုရားသုံးဆူ၊ ကျွဲတလင်း၊ လော့သိုင်း၊ ကျောက်ကုတင်စသည့် ကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူသောင်းချီ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။

“ရာဖူးမှာတော့ ပြေးဖို့ မတတ်နိုင်တဲ့သူတွေတချို့ ကျန်နေသေးတယ်။ မနေ့က (စက်တင်ဘာ (၈) ရက်နေ့) စစ်တပ်က လက်နက်ကြီးပစ်ပြီးတော့ ရာဖူးဘက်ကို စစ်ကြောင်းထိုးနေတယ်။

နှစ်ဖက်ထိတွေ့မှုက မကြာခဏ ဖြစ်နေတယ်။ စစ်တပ်ကလည်း လက်နက်ကြီးနဲ့ ပစ်နေတုန်းပဲ" ဟု ရေဖြူစစ်ဘေးရှောင်တစ်ဦးက ပြောသည်။

စစ်ရှောင်ကာလကြာမြင့်လာသဖြင့် ဒေသခံပြည်သူများသည် စားဝတ်နေရေးနှင့် ကျန်းမာရေး ပြဿနာများကို ကြုံတွေ့လာရပြီး စားနပ်ရိက္ခာနှင့် ဆေးဝါးများ အရေးပေါ်လိုအပ်နေသည်။

"ရေးမြို့ဘက်ကိုရောက်နေတဲ့ စစ်ရှောင်တွေကို ဆန်တွေ ထောက်ပံ့ပေးတာ ရှိတယ်။ မိုးရာသီကာလာဖြစ်တော့ တချို့ကလေးတွေ နေမကောင်းဖြစ်တယ်။ သူများအိမ်မှာနေရတော့ အဆင်ပြေအောင် နေ,နေရတာပေါ့" ဟု စစ်ရှောင်တစ်ဦးက ပြောသည်။

ထွက်ပြေးတိမ်းရှောင်သွားသည့် စစ်ဘေးရှောင်များ၏ နေအိမ်များကို စစ်ကော်မရှင်စစ်ကြောင်းနှင့် တော်လှန်ရေးတပ်ဖွဲ့တို့က ဝင်ရောက်မွှေနှောက်ပြီး ပစ္စည်းခိုးယူမှုများ ရှိခဲ့ကြောင်း မွန်လူထုအသံက သိရှိထားသည်။

"ရွာမှာ တစ်ယောက်မှ မကျန်တော့ သူတို့စိတ်ကြိုက်ပဲ။ ပြန်သွားရင်လည်း ဝင်ခွင့်ပေးမှာ မဟုတ်ဘူး။ ကိုယ့်ချွေးနည်းစာနဲ့ လုပ်ထားတာ (ယူရက်ရင်) ယူပေါ့။ ကိုယ်မှ မတတ်နိုင်တာ" ဟု သာယာမွန်ကျေးရွာမှ အမျိုးသားတစ်ဦးက ပြောသည်။

အလားတူ ကံပေါက်တိုက်နယ် ဖားချောင်းကျေးရွာအုပ်စုတွင်လည်း ဩဂုတ်လနောက်ဆုံး အပတ်မှစ၍ တိုက်ပွဲများ ပြင်းထန်လာသဖြင့် ဆယ်အိမ်စု၊ တောင်ရင်းအင်းနှင့် ဖားချောင်းကျေးရွာများမှ ဒေသခံပြည်သူ (၅၀၀) ခန့်သည် စစ်ဘေးရှောင်နေရသည်။

## အရပ်သားများ ဖမ်းဆီးခံရခြင်း

စစ်တပ်က ဩဂုတ်လ (၂၄) ရက်နေ့တွင် သာယာမွန်ကျေးရွာမှ ဘုန်းတော်ကြီး (၁) ပါးအပါအဝင် အရပ်သားပြည်သူ (၂၀) ဦးကိုလည်းကောင်း၊ ဩဂုတ်လ (၂၈) ရက်နေ့တွင် ရွာသား (၂၅) ဦးကိုလည်းကောင်း၊ စက်တင်ဘာလ (၈) ရက်နေ့တွင် ရာဖူးရွာသား (၈) ဦးကိုလည်းကောင်း၊ စက်တင်ဘာလ (၉) ရက်နေ့တွင် ကျွဲတလင်းရွာသား(၃) ဦးကိုလည်းကောင်း ဖမ်းဆီးခဲ့သည်။

"ရွာနားမှာပစ်ခတ်သံတွေကြားတော့ ကျွန်မက အိမ်မှာ ပစ္စည်းတွေသိမ်းနေတာ။ စစ်တပ်က ရွာထဲကို ဝင်လာပြီး အိမ်ရှေ့မှာ ကားရပ်ပြီးတော့ "မင်းတို့က တော်လှန်ရေးတပ်ဖွဲ့နဲ့ ပူးပေါင်းနေတာ" ဆိုပြီး လက်ကို ကြိုးချည်ပြီး ဖမ်းခေါ်သွားတယ်" ဟု ကျွဲတလင်းကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

## အရပ်သားများ ထိခိုက်သေဆုံးခြင်း

ရေဖြူမြို့နယ်တွင် တိုက်ပွဲဖြစ်ပွားနေသည့်ကာလတလျှောက် စစ်တပ်က သတ်ဖြတ်ခြင်း၊ လက်နက်ကြီးထိမှန်ခြင်းနှင့် မြေမြှုပ်မိုင်းပေါက်ကွဲခြင်းတို့ကြောင့် ကလေးငယ် (၂) ဦးအပါအဝင် အရပ်သား (၄) ဦးထက်မနည်း သေဆုံးခဲ့ပြီး (၁၀) ဦးကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။

စက်တင်ဘာလ (၆) ရက်မှ (၉) ရက်နေ့အတွင်း စစ်တပ်က ပစ်ခတ်မှုကြောင့် ကားသမား (၁) ဦး၊ ယာဉ်အကူ (၁) ဦးနှင့် အသက် (၃) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံးပြီး အမျိုးသား (၁) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

၎င်းပြင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အသက် (၃) နှစ်အရွယ် ကလေးငယ် (၁) ဦး သေဆုံးပြီး အရပ်သား (၃) ဦး ဒဏ်ရာရခဲ့သည်။

"သူများထွက်ပြေးနေတဲ့အချိန်မှာ မပြေးလို့ သမီးလေးက ဒီလိုမျိုးဖြစ်သွားရတာ ရူးမတတ်ပါပဲ" ဟု မိခင်ဖြစ်သူက ပြောသည်။

ဇူလိုင်လ (၈) ရက်နေ့တွင်လည်း ကော့လှိုင်ကျေးရွာတွင် စစ်တပ်က ပစ်ခတ်လိုက်သည့် လက်နက်ကြီးသည် ဥယျာဉ်ခြံအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကလေးငယ် (၃) ဦးနှင့် ရွာသား (၁) ဦး သေဆုံးခဲ့ပြီး မိခင်ဖြစ်သူသည် ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။

## နေအိမ်ထိခိုက်ပျက်စီးခြင်း

ဩဂုတ်လ (၈) ရက်နေ့မှစ၍ ကလိန်အောင်အခြေစိုက် အမှတ် (၂၈၂) ခြေမြန်တပ်ရင်းနှင့် စစ်ကော်မရှင်စစ်ကြောင်းများ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းအပါအဝင် နေအိမ် (၆) လုံးထက်မနည်း ထိခိုက်ပျက်စီးခဲ့သည်။


"တိုက်ပွဲငြိမ်တာနဲ့ လက်နက်ကြီးနဲ့ ရမ်းပစ်တာ။ လက်နက်ကြီးတွေက ခြံထဲကို ကျတယ်။ ရွာနားကျတဲ့အခါကျ အိမ်နဲ့ လူတွေ ထိခိုက်တယ်။ အခုနောက်ပိုင်းက စစ်တပ်က စစ်ကြောင်းထိုးရင် လက်နက်ကြီးနဲ့ အရင်ပစ်တာ" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

၎င်းပြင် ဩဂုတ်လ (၂၄) ရက်နေ့မှ စက်တင်ဘာလ (၂) ရက်နေ့အတွင်း ကံပေါက်တိုက်နယ် ဖားချောင်းကျေးရွာအုပ်စုတွင် စစ်ကြောင်းထိုးနေသည့်စစ်တပ်က တောင်ရင်းအင်းရွာတွင် နေအိမ်အလုံး (၂၀) ခန့်ကို မီးရှို့ဖျက်ဆီးသွားခဲ့သည်။

ပြီးခဲ့သည့်ဇူလိုင်လတွင်လည်း စစ်တပ်၏လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် တနင်္သာရီတိုင်းတွင် အရပ်သားနေအိမ်အလုံး (၄၀) ထက်မနည်း ထိခိုက်ပျက်စီးခဲ့ကြောင့် FE5 Tanintharyi အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

တနင်္သာရီတိုင်းတွင် တိုက်ပွဲများ ပြင်းထန်လာခြင်းကြောင့် စစ်ရှောင်ပြည်သူဦးရေများ တိုးပွားလာသည့်အပြင် စစ်တပ်က လမ်းပန်းဆက်သွယ်ရေးများကို ဖြတ်တောက်ထားခြင်းကြောင့် ကုန်စည်များ ရှားပါးပြတ်လပ်လာပြီး ကုန်ဈေးနှုန်းများ မြင့်တက်လာသဖြင့် စစ်ရှောင်ပြည်သူများအပြင် ဒေသခံပြည်သူများပါ အကြပ်အတည်း ကြုံတွေ့နေရသည်။

# ဖာလိန်ဒေသတွင် စစ်တပ်က ကင်းပုန်းဝပ်နေသည့်အတွက် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်နေ




**စက်တင်ဘာ ၂၅၊ ၂၀၂၅**

၂၀၂၅ စက်တင်ဘာလ (၁၉) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ဖာလိန်ဒေသတွင် စစ်ကော်မရှင်တပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြီးနောက် စစ်တပ်က အဘော၊ ဒူးယား၊ ဂူကတော၊ ပလိုင်သိမ်၊ နှီးနှူ၊ သာဂရမ်နှင့် အံဒင်း ကျေးရွာအနီးတဝိုက်တွင် သွားလာလှုပ်ရှားနေသည့်အပြင် ကင်းပုန်းလည်း ဝပ်နေသဖြင့် ဥယျာဉ်ခြံသမားများနှင့် ဒေသခံပြည်သူများက စိုးရိမ်ထိတ်လန့်နေကြောင်း သိရသည်။

“တိုက်ပွဲပြီးတော့ စစ်တပ်က (၃) ရက်လောက် ခြံပေးမသွားဘူး။ ဒီနေ့(စက်တင်ဘာလ (၂၅) ရက်နေ့)အထိ ရွာထဲမှာရော ရွာပြင်မှာပါ စစ်သားတွေ သွားလာနေတယ်။ ခြံသွားဖို့ မပြောနဲ့၊ အိမ်ပြင်တောင် မထွက်ရဲဘူး” ဟု ဖာလိန်ဒေသခံတစ်ဦးက ပြောသည်။

ခြံသွားသည့်ရွာသားများကို စစ်တပ်က ဖမ်းဆီးနေသဖြင့် အလုပ်ရပ်နားထားရသည်ဟု ဖာလိန်ဒေသမှ ရာဘာခြံလုပ်သားများက ပြောသည်။

“လူဖမ်းနေတယ်ကြားလို့ (၂) ရက် နားလိုက်တယ်။ အစေးစဖွင့်ကာစဆိုတော့ ကြာကြာနားလို့ မရ

ဘူး။ မြတ်လည်း မခုတ်ရသေးဘူး။ စစ်ဆေးတာက ပြဿနာ မဟုတ်ပေမဲ့ ဖမ်းပြီး ပိုက်ဆံတောင်းမှာကို ကြောက်နေတာ” ဟု ရာဘာခြံလုပ်သားတစ်ဦးက ပြောသည်။

တိုက်ပွဲပြီးနောက် ဒေသခံအလုပ်သမား (၆) ဦးကို စစ်တပ်က ဖမ်းဆီးခဲ့ပြီး တစ်ဦးလျှင် ကျပ် (၂) သိန်းမှ သိန်း (၃၀) အထိ စစ်တပ်က ငွေကြေးတောင်းခံခဲ့ကြောင်း ရွာသားများက ပြောသည်။

“စစ်တပ်က ခြံထဲမှာပဲ ကင်းပုန်းဝပ်နေတာ” ဟု ခြံသမားတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်စက်တင်ဘာလဆန်းတွင်လည်း ခြံသမားများအနေဖြင့် ခြံတွင် ညအိပ်ညနေ,နေထိုင်ခြင်း မပြုရန် အုပ်ချုပ်ရေးမှူးများက သတိပေးပြောဆိုထားသည်။ တားမြစ်ချက်များနှင့် စစ်ရေးလှုပ်ရှားမှုများကြောင့် ခြံလုပ်ငန်းများ ထိခိုက်လာသည့်အပြင် ခြံလုပ်သားများအတွက်လည်း အခက်အခဲဖြစ်လာကြောင်း သိရသည်။

“

**“တိုက်ပွဲပြီးတော့ စစ်တပ်က (၃) ရက်လောက် ခြံပေးမသွားဘူး။ ဒီနေ့(စက်တင်ဘာလ (၂၅) ရက်နေ့)အထိ ရွာထဲမှာရော ရွာပြင်မှာပါ စစ်သားတွေ သွားလာနေတယ်။ ခြံသွားဖို့ မပြောနဲ့။ အိမ်ပြင်တောင် မထွက်ရဲဘူး”**

# (၂) လအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်သူ မြန်မာ (၃၀၀) နီးပါး ဖမ်းဆီးခံရ







**ဩဂုတ် ၂၇၊ ၂၀၂၅**

၂၀၂၅ ဇူလိုင်လနှင့် ဩဂုတ်လတွင် ထိုင်းနိုင်ငံသို့ မတရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူ အထောက်အထားမဲ့ မြန်မာနိုင်ငံသား (၃၀၀) နီးပါးကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူဒေသနှင့် ထိုင်းနိုင်ငံ ကန်ချနပူရီခရိုင် နယ်စပ်တွင် ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဇူလိုင်လတွင် အထောက်အထားမဲ့မြန်မာနိုင်ငံသား (၁၁၅) ဦးနှင့် ဩဂုတ်လတွင် (၁၇၉) ဦး စုစုပေါင်း (၂၉၄) ဦး ဖမ်းဆီးခံခဲ့ရခြင်းကြောင်း ကန်ချနပူရီအခြေစိုက် ထိုင်းသတင်းဌာနတစ်ခုက တင်ပြထားသည်။

ဖမ်းဆီးခံရသူများတွင် လူငယ်အမျိုးသား၊ အမျိုးသမီးများအပြင် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များလည်း ပါဝင်ပြီး နိုင်ငံရေးအကြပ်အတည်းနှင့် စားဝတ်နေရေးမပြေလည်မှုများကြောင့် နေရပ်ကို စွန့်ခွာကာ ထိုင်းနိုင်ငံသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

"လာတဲ့သူတွေက ထိုင်းဘက်မှာ အခြေအနေတင်းကြပ်ထားတာကို မသိဘူး။ ပွဲစားရဲ့စကားကို ယုံပြီး လာကြတာ။ အဖမ်းခံရတော့ ပွဲစားတွေက တာဝန်မယူဘူး။ ပေးထားတဲ့လမ်းစရိတ်ကလည်း မနည်းဘူး" ဟု ဘုရားသုံးဆူဒေသခံတစ်ဦးက ပြောသည်။

၂၀၂၅ ဇန်နဝါရီလမှ ဩဂုတ်လအထိ ထိုင်းနိုင်ငံသို့ မတရားဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူ အထောက်အထားမဲ့ မြန်မာနိုင်ငံသား (၁,၅၀၀) နီးပါးအထိ ဖမ်းဆီးခံခဲ့ပြီး ထိုင်းနယ်ခြားစောင့်တပ်က ထိုင်း - မြန်မာနယ်စပ်တလျှောက်တွင် လုံခြုံရေးအထူးတင်းကြပ်ထားသည်။




# စစ်ကော်မရှင်တပ် စစ်ကြောင်းထိုးခဲ့သည့် ရာဖူးကျေးရွာတွင် ရုပ်အလောင်းများ တွေ့ရှိ

**စက်တင်ဘာ ၁၇၊ ၂၀၂၅**

၂၀၂၅ စက်တင်ဘာ (၆) ရက်နေ့တွင် စစ်ကော်မရှင်စစ်ကြောင်းသည် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူးကျေးရွာနှင့် ကျွဲတလင်းကျေးရွာသို့ စစ်ကြောင်းထိုးဝင်ရောက်ခဲ့သည်။

စက်တင်ဘာလ (၁၂) ရက်နေ့တွင် ရာဖူးကျေးရွာမှ ကလိန်အောင်မြို့နှင့် မရမ်းချောင်းကျေးရွာသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

စစ်တပ်ပြန်လည်ဆုတ်ခွာပြီးနောက် ရွာသားများ နေအိမ်သို့ပြန်လာချိန်တွင် ကွက်သစ်ရပ်ကွက်၌ သတ်ဖြတ်ခံထားရသည့် အမျိုးသားရုပ်အလောင်း (၂) ခုကို တွေ့ရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

သတ်ဖြတ်ခံရသူများသည် ရာဖူးကျေးရွာ ကွက်သစ်ရပ်ကွက်မှ အသက် (၁၇) နှစ်နှင့် (၂၅) နှစ်အရွယ် ညီအစ်ကို နှစ်ဦးဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာ (၆) ရက်နေ့က စစ်ကြောင်းဝင်လာတဲ့အချိန်မှာ နှစ်ဖက်ပစ်ခတ်မှုတွေ ဖြစ်သေးတယ်။ သူတို့က အဖိုးကို စစ်ရှောင်စခန်း သွားပို့ပြီး အိမ်ကိုပြန်လာတဲ့အချိန်မှာ ပျောက်သွားတာ" ဟု ရေဖြူဒေသခံတစ်ဦးက ပြောသည်။

အဆိုပါညီအစ်ကိုနှစ်ဦးသည် အဖိုးဖြစ်သူကို လော့သိုင်းကျေးရွာစစ်ရှောင်စခန်းသို့ ပို့ဆောင်ပြီးနောက် နေအိမ်သို့ ပြန်လာချိန်တွင် စစ်တပ်က ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ခန့်မှန်းပြောဆိုနေကြသည်။

ရုပ်အလောင်းများကို စက်တင်ဘာလ (၁၅) ရက်နေ့တွင် ရာဖူးကျေးရွာ၌ မီးသဂြိုဟ်ခဲ့ကြောင်း သိရသည်။

"တချို့က အလောင်း (၃) လောင်း တွေ့တယ်တဲ့။ နောက်တစ်လောင်းက မိန်းကလေးအလောင်း ဖြစ်ပြီး ခေါင်းဖြတ်ခံထားရတယ်လို့ ပြောနေကြတယ်။ ဒါပေမဲ့ အခုတွေ့တာက အမျိုးသား (၂) လောင်းပဲ" ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်ကြောင်းထိုးနေစဉ်အတွင်း ရာဖူးကျေးရွာအုပ်စုရှိ စစ်ဘေးရှောင်များ၏နေအိမ်အများစု ဖောက်ထွင်းခံရပြီး ဒေသခံပြည်သူ (၁၀) ဦးထက်မနည်းလည်း ဖမ်းဆီးထားခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါစစ်ကြောင်းသည် ရာဖူးကျေးရွာအနီးရှိ ကျောက္ကတင်ကျေးရွာတွင် အင်အားအလုံးအရင်းဖြင့် ရောက်ရှိနေသည်ဟု မွန်လူထုအသံက စုံစမ်းသိရှိထားသည်။

> “
>
> "တချို့က အလောင်း (၃) လောင်း တွေ့တယ်တဲ့။ နောက်တစ်လောင်းက မိန်းကလေးအလောင်း ဖြစ်ပြီး ခေါင်းဖြတ်ခံထားရတယ်လို့ ပြောနေကြတယ်။ ဒါပေမဲ့ အခုတွေ့တာက အမျိုးသား (၂) လောင်းပဲ"

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၂၀၂၅

| မွန်ပြည်နယ် | ကရင်ပြည်နယ် | တနင်္သာရီတိုင်း |
|---|---|---|
| ၇ | ၃ | ၉ |

အသက်သေဆုံး ၆

ထိခိုက်ဒဏ်ရာ ၂၉

၁၈


၉

၆


အမျိုးသား - ၂၀ ဦး(၁၆ ဦးဒဏ်ရာရ/ ၄ ဦးသေဆုံး) ၊ အမျိုးသမီး - ၉ ဦး(၈ ဦးဒဏ်ရာ၊ ၁ ဦးသေဆုံး)၊ ကလေးသူငယ် ၆(၅ ဦးဒဏ်ရာရ၊ ၁ ဦး သေဆုံး)

# ၂၀၂၅ ဇန်နဝါရီကနေ စက်တင်ဘာလအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်

ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၂၀၂၅






ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၉၆) ဦး၊ အမျိုးသမီး(၃၀)ဦး၊အမျိုးသား(၄၃)ဦး၊ ကလေးသူငယ်(၂၃)ဦး





သေဆုံးသူ စုစုပေါင်း (၇၀) ဦး၊ အမျိုးသမီး(၁၉)ဦး၊အမျိုးသား(၄၃)ဦး၊ ကလေးသူငယ်(၉)ဦး


# ၂၀၂၅ ဇန်နဝါရီကနေ စက်တင်ဘာလအထိ ဒရုန်း နှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်





ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၁၈၄) ဦး၊ အမျိုးသမီး(၄၁)ဦး၊အမျိုးသား(၁၀၆)ဦး၊ ကလေးသူငယ်(၃၇)ဦး




သေဆုံးသူ စုစုပေါင်း (၈၄) ဦး၊ အမျိုးသမီး(၂၄)ဦး၊အမျိုးသား(၄၅)ဦး၊ ကလေးသူငယ်(၁၅)ဦး



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။


## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။

၂၀၂၅ စက်တင်ဘာလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၁၀) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၉၅) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၇၈) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၈) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၅ စက်တင်ဘာလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

စက်တင်ဘာလ ၂၀၂၅





# 3+

စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ

## (၁) လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း

(က) ၂၀၂၅ ဩဂုတ်လ (၂၄) ရက်နေ့ ညနေ (၅) နာရီတွင် မော့ကနင်အခြေစိုက် အမှတ် (၁၀၆) ခြေလျင်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မွန်ပြည်နယ် ရေးမြို့နယ် စံပြ ကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ အသက် (၆၀) အရွယ် အမျိုးသားတစ်ဦး သည် လက်နက်ကြီးကျည်စ ထိမှန်ပြီး ညာဘက်ဒူးခေါင်းတွင် ပြင်းထန်ဒဏ်ရာ ရရှိခဲ့ ကြောင်း သိရသည်။

(ခ) ၂၀၂၅ စက်တင်ဘာလ (၂) ရက်နေ့ ညနေ (၅) နာရီတွင် မွန်ပြည်နယ် ကျိုက်မရော မြို့နယ် ကော့ဒွန်း -ကော့ပနော့ ကျေးရွာအဝင်လမ်း စံပယ်ဂူတံတားထိပ်ရှိ ဒီမိုကရေ စီအကျိုးပြုကရင့်တပ်မတော် (DKBA) ၏ စစ်ဆေးရေးဂိတ်ကို မုဒုံအခြေစိုက် အမှတ် (၃၁၈) အမြောက်တပ်က လက်နက်ကြီး (၃) လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးသည် ခရီးသည်ယာဉ် (၁) စီးနှင့် အိမ်စီးကား (၁) စီးကို ထိမှန်ခဲ့ပြီး ပေါက်ကွဲမှုကြောင့် ခရီးသည် (၃) ဦး သေဆုံးကာ (၁၀) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ အသက် (၂၀) အရွယ်နှင့် အသက် (၄၀) အရွယ် အမျိုးသား (၂) ဦး၊ အသက် (၃၀) အရွယ် အမျိုးသမီး (၁) ဦးတို့ သေဆုံးပြီး ဒဏ်ရာရသူများအနက်မှ (၈) ဦးသည် ဒဏ်ရာ ပြင်းထန်ကြောင်း သိရသည်။




## (၁) အတင်းအဓမ္မ ဖမ်းဆီးခြင်း နှင့် မတရား စစ်မှုထမ်းစေခြင်း

(က) ၂၀၂၅ ဩဂုတ်လ ဒုတိယအပတ်တွင် မွန်ပြည်နယ် သထုံမြို့နယ် သထုံမြို့ဝင် မြို့ထွက်နေရာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် စစ်တပ်က လူငယ်များကို လိုက်လံ

ဖမ်းဆီးလျက်ပြီး ဒေသခံလူငယ် (၃၀) နီးပါး ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

ဖမ်းဆီးထားသည့်လူငယ်များကို တစ်ဦးလျှင် ငွေကျပ်သိန်း (၅၀) ဖြင့် ပြန်လည်ရွေးနုတ်စေပြီး ငွေကြေးမပေးနိုင်သူများကို စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဒေသတွင်းသတင်းရင်းမြစ်တစ်ခုက ပြောသည်။
(ခ) ၂၀၂၅ စက်တင်ဘာလ (၁) ရက်နေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ် မုဒုံမြို့တွင် စစ်ကော်မရှင်လက်အောက်ခံ သတင်းပေးတစ်ဦးကို တော်လှန်ရေးတပ်ဖွဲ့တို့က ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ထိုဖြစ်စဉ်ပြီးနောက် စစ်တပ်က မြို့ပေါ်ရပ်ကွက်များရှိ ကန်ကြီးလမ်း၊ ချောင်းနှစ်ခွလမ်းနှင့် မြို့ဝင်မြို့ထွက်နေရာများကို တင်းကြပ်စွာ စစ်ဆေးနေပြီး လူငယ်အများအပြားကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဒါပေမဲ့ ဘယ်နှယောက် အဖမ်းခံရသလဲဆိုတာ မသိရသေးဘူး” ဟု မုဒုံမြို့ခံတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသည့် လူငယ်များကို စစ်တပ်က စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၆) သို့ အတင်းအကြပ် ပို့ဆောင်ဖွယ်ရှိကြောင်း ဒေသခံများက ပြောသည်။

(ဂ) ၂၀၂၅ စက်တင်ဘာလ (၉) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တငေး ချောင်းဖျားနှင့် ငှက်ပျောတောကျေးရွာများရှိ ရွှေလုပ်ကွက်များမှ လုပ်သားများဖြစ်သည့် အမျိုးသား၊ အမျိုးသမီး (၃၀) ကျော်ကို
စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အသက်မပြည့်သူများနှင့် သက်ကြီးပိုင်းလုပ်သားများက ငွေကြေးများ ပေးဆောင်ပြီး ပြန်လည်လွတ်မြောက်လာသော်လည်း လူငယ်လူရွယ်လုပ်သားများကို စစ်တပ်က ဆက်လက်ဖမ်းဆီးထားသည့်အပြင် မိသားစုဝင်များနှင့် အဆက်အသွယ်ဖြတ်တောက်ထားခဲ့သည်။

ဖမ်းဆီးခံရသူများကို ကနဦးတွင် ကျိုက်ထိုကင်းမွန်စခန်း၌ ထိန်းသိမ်းထားသော်လည်း လက်ရှိတွင် မည်သည့်နေရာသို့ ပြောင်းရွှေ့ပို့ဆောင်ထားသည်ကို မသိရှိရသဖြင့် စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းခံရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

(ဃ) ၂၀၂၅ စက်တင်ဘာလ (၂၈) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ မြို့မ (၁) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးကျော်ဦးနှင့် ရာအိမ်မှူး ဦးသန်းဝင်းတို့ ပစ်သတ်ခံခဲ့ရသည်။ အဆိုပါပစ်ခတ်မှုပြီးနောက် စစ်တပ်က လမိုင်း - သောင်ပြင်၊ လမိုင်း - မော့ကနင်နှင့် လမိုင်း - ကော့ဒွတ်လမ်းပိုင်းများကို ပိတ်ဆို့စစ်ဆေးပြီး လမ်းသွားလမ်းလာ လူငယ် (၁၀) ဦးထက်မနည်းကို ဖမ်းဆီးခဲ့သည်။

မော့ကနင်ကျေးရွာမှ အသက် (၃၀) အရွယ် လမိုင်းဇာတိဖြစ်သူ နိုင်အကိကိုလည်း ပစ်ခတ်မှုတွင် ပါဝင်ပတ်သည်ဟု ဆိုကာ စစ်တပ်က နေအိမ်တွင်လာရောက်ဖမ်းဆီးခဲ့သည်။

“မနေ့က ပစ်ခတ်မှုပြီးတာနဲ့ စစ်တပ်က မော့ကနင်က နိုင်အကိအိမ်ကို လာပြီး တမင်သက်သက် ဖမ်းသွားတယ်။ တော်လှန်ရေးတပ်ဖွဲ့က ဗိုလ်မှူးက သူ့အမျိုး သူနဲ့ပတ်သက်နေရမယ်ဆိုပြီး ဖမ်းသွားတယ်။ နောက်ပြီး (၁၄) (၁၅) နှစ်အရွယ် ကလေး (၁၀) ယောက်ကျော်ကိုလည်း ဖမ်းသွားတယ်” ဟု မော့ကနင်ရွာသားတစ်ဦးက ပြောသည်။

(င) ၂၀၂၅ စက်တင်ဘာ (၂၃) ရက်နေ့က မွန်ပြည်နယ်၊ မော်လမြိုင်မြို့ပေါ် ရပ်ကွက်ဖြစ်တဲ့ မြိုင်သာယာနှင့် ဖက်ခင်လမ်းအကြာ တိုင်ရင်းသားဆေးရုံအနီးတွင် စစ်ကော်မရှင်တပ်သားများက အရပ်သားများဖမ်းဆီးပြီး စစ်မှုထမ်း အပတ်စဉ် (၁၈)အတွက် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တို့ ပို့ဆောင်လေ့ရှိကြောင်း သိရသည်။

## (၃) သက်မွေးဝမ်းကျောင်း ခက်ခဲခြင်း

စစ်ကော်မရှင်က သီးသန့်ကြေညာချက်ကို တရားဝင်ထုတ်ပြန်ခြင်း မရှိသော်လည်း ပစ္စည်းပို့ဆောင်ရေး ဝန်ဆောင်မှုပေးနေသည့် delivery လုပ်ငန်းများက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်ကြောင့် တိုင်းနှင့်ပြည်နယ်အချို့တွင် ပို့ဆောင်နိုင်သည့်ပစ္စည်းအမျိုးအစားကို ကန့်သတ်ထားကြောင်း ကြေညာချက်များကို ၂၀၂၅ ဩဂုတ်လ (၂၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြသည်။

မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင်လည်း လက်နက်ခဲယမ်းနှင့်ဆက်စပ်နိုင်သော လျှပ်စစ်ပစ္စည်းများ၊ power bank များ၊ ဆိုလာပစ္စည်းများ၊ ရွှေထည်ငွေထည်နှင့် ချက်လက်မှတ်များ၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ အလှကုန်များ၊ ဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ပို့ဆောင်ခွင့် တားမြစ်ခံထားရကြောင်း သိရသည်။

(ခ) မွန်ပြည်နယ် ရေးမြို့နယ်တွင် ရာဘာခြံ၊ ကွမ်းသီးခြံနှင့် အခြားသောသစ်သီးဝလံခြံများ အများအပြားကို စိုက်ပျိုးလုပ်ကိုင်နေကြပြီး မကြာမီ ပွင့်လင်းရာသီရောက်ရှိလာမည်ဖြစ်သဖြင့် ခြံသမားများသည် ခြံခုတ်ထွင်ရှင်းလင်းရေးများကို စတင်လုပ်ဆောင်နေရပြီ ဖြစ်သည်။

သို့သော် အုပ်ချုပ်ရေးမှူးများက ခြံသမားများကို ခြံအတွင်း ညအိပ်နေထိုင်ခြင်း မပြုရန် သတိပေးပြောဆိုလာသဖြင့် ခြံရှင်းလင်းရေးလုပ်ငန်း ထိခိုက်လာသည့်အပြင် ရွှေ့ပြောင်းလုပ်သားခြံသမားများအတွက်လည်း အခက်အခဲဖြစ်လာသည်။

(ဂ) ၂၀၂၅ စက်တင်ဘာလ (၁၉) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ဖာလိန်ဒေသတွင် စစ်ကော်မရှင်တပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြီးနောက် စစ်တပ်က အဘော်၊ ဒူးယား၊ ဂူကတော၊ ပလိုင်သိမ်၊ နီးနှူ၊ သာဂရမ်နှင့် အံဒင်းကျေးရွာအနီးတဝိုက်တွင် သွားလာလှုပ်ရှားနေသည့်အပြင် ကင်းပုန်းလည်း ဝပ်နေသဖြင့် ဥယျာဉ်ခြံသမားများနှင့် ဒေသခံပြည်သူများက စိုးရိမ်ထိတ်လန့်နေကြောင်း သိရသည်။

“တိုက်ပွဲပြီးတော့ စစ်တပ်က (၃) ရက်လောက် ခြံပေးမသွားဘူး။ ဒီနေ့(စက်တင်ဘာလ (၂၅) ရက်နေ့)အထိ ရွာထဲမှာရော ရွာပြင်မှာပါ စစ်သားတွေ သွားလာနေတယ်။ ခြံသွားဖို့ မပြောနဲ့။ အိမ်ပြင်တောင် မထွက်ရဲဘူး” ဟု ဖာလိန်ဒေသခံတစ်ဦးက ပြောသည်။

**(၄) အခွန်ကောက်ခံခြင်း**

(က) မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကျေးရွာများအနေဖြင့် တစ်ရွာလျှင် လူ (၂) ဦးနှုန်းဖြင့် စစ်မှုထမ်းသင်တန်းသားများကို စုဆောင်းပေးရမည်ဟု စစ်ကော်မရှင်က ညွှန်ကြားထားသည်။

တောင်းဆိုသည့်အရေအတွက်အတိုင်း ပေးပို့နိုင်ခြင်းမရှိသဖြင့် စစ်မှုထမ်းလူစားထိုးသူကို တစ်ဦးလျှင် ကျပ်သိန်း (၃၀) မှ (၅၀) အထိ ပေးကာ ငှားရမ်းနေရသည်။ ထို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ၂၀၂၅ ဩဂုတ်လမှစ၍ စစ်မှုထမ်းကြေးဟု ဆိုကာ တစ်အိမ်လျှင် ကျပ် (၁၀,၀၀၀) အထိ တိုးမြှင့်ကောက်ခံလာကြောင်း ဒေသခံများက ပြောသည်။

"အရင်က တစ်အိမ်ကို (၅,၀၀၀) ပဲ ပေးရတယ်။ ပြီးခဲ့တဲ့လကစပြီး (၁၀,၀၀၀) တိုးကောက်တယ်။ ကုန်ဈေးနှုန်းတွေ တက်ပြီး ပြည်သူတွေ ကြပ်တည်းနေတဲ့အချိန်မှာ စစ်မှုထမ်းအတွက်ပါ ပေးနေရတာ အဆင်မပြေဘူးဆိုပေမဲ့ ငွေမပေးရင် ကိုယ့်သားယောကျာ်းတွေအတွက် စိုးရိမ်ရတယ်" ဟု ချောင်းဆုံမြို့နယ်မှ အမျိုးသမီးတစ်ဦးက ပြောသည်။

(ခ) ပြီးခဲ့သည့် စက်တင်ဘာလ (၂၅) ရက်နေ့က အင်အား (၂၅၀) ကျော်ပါရှိသည့် စစ်ကောင်စီစစ်ကြောင်းသည် ရေးမြို့နယ်ဒေသအတွင်းသို့ ဝင်ရောက်လာပြီး လမ်းပြလူသားဒိုင်းအဖြစ် ဒေသခံ အမျိုးသား၊ အမျိုးသမီး (၃၀) ကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းရရှိသည်။

ရေးမြို့နယ်ဒေသရှိ အဒိန်၊ ဝယ်ဟိုင်း၊ တောင်စွန်း၊ ရွာကလေး၊ စုံပဒေါက် စသည့်ကျေးရွာအတွင်းတို့ စစ်ကြောင်းထိုးဝင်ရောက်လာနေစဥ် ဒေသခံပြည်သူများကို လမ်းပြလူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

လမ်းပြလူသားဒိုင်းအဖြစ် ဖမ်းဆီးခံရသူများကို တစ်ဦးလျှင် ငွေကျပ် (၅) သိန်းမှ (၁၀) သိန်းအထိ ပေးဆောင်ပြီး စက်တင်ဘာလ (၂၆) ရက်နေ့နှင့် (၂၇) ရက်နေ့က စစ်ကြောင်းပြန်လွှတ်ပေးခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

(ဂ) ၂၀၂၅ စက်တင်ဘာ (၉) ရက်နေ့က မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျောင်းသစ်ရပ်ကွက် ညောင်ကုန်သွားသည့်လမ်းတွင် အသက် (၁၈) နှစ်အရွယ်လူငယ်တစ်ဦးကို စစ်ကောင်စီတပ် ဖမ်းဆီးသွားခဲ့ပြီး မိသားစုဝင် ငွေကြေး (၁၀) သိန်းတောင်းခံပြီး ယမန်နေ့ကပင်ပြန်လည်လွှတ်မြောက်ပေးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

## (၅) သတ်ဖြတ်ခြင်း

၂၀၂၅ စက်တင်ဘာလ (၂၂) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာအနီး ခလောက်ချကျေးရွာရှိ ရာဘာခြံတစ်ခုတွင် နေထိုင်နေသည့် ဇနီးမောင်နှံနှစ်ဦးသည် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရပြီး ရုပ်အလောင်းများကို ရွာသားများက တွေ့ရှိခဲ့ကြောင်း သိရသည်။

အသက် (၃၀) အရွယ် ဦးအောင်သက်မွန်နှင့် အသက် (၂၈) နှစ်အရွယ် ဇနီးဖြစ်သူ မိနန်းထောတို့သည် စက်တင်ဘာလ (၂၁) ရက်နေ့ ညနေပိုင်းတွင် ပစ်သတ်ခံရဖွယ်ရှိကြောင်း မိနန်းထော၏မိသားစုဝင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

"အခင်းမဖြစ်ခင်က မနက်ပိုင်းမှာ လင်မယားနှစ်ယောက် ထင်းရှူးရွာမှ ဈေးလာဝယ်ပြီး ခြံကိုချက်ချင်းပြန်သွားကြတယ်။ စက်တင်ဘာ (၂၂) ရက်မှာ မိနန်းထောအစ်ကိုက

ခြံသွားတော့ သူတို့ ပစ်သတ်ခံရတာကို တွေ့ရတယ်။ သူတို့နှစ်ယောက်စလုံးက ဘယ်သူနဲ့မှလည်း ရန်မဖြစ်ကြဘူး။ ခြံအလုပ်ပဲ လုပ်နေကြတယ်” ဟု မိသားစုဝင်တစ်ဦးက ပြောသည်။

ရုပ်အလောင်းများကို သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး စက်တင်ဘာလ (၂၃) ရက်နေ့တွင် မီးသင်္ဂြိုဟ်ခဲ့သည်။

“

> “အခင်းမဖြစ်ခင်က မနက်ပိုင်းမှာ လင်မယားနှစ်ယောက် ထင်းရှူးရွာမှ ဈေးလာဝယ်ပြီး ခြံကို ချက်ချင်းပြန်သွားကြတယ်။ စက်တင်ဘာ (၂၂) ရက်မှာ မိန်းထောအစ်ကိုက ခြံသွားတော့ သူတို့ ပစ်သတ်ခံရတာကို တွေ့ရတယ်။ သူတို့နှစ်ယောက်စလုံးက ဘယ်သူနဲ့မှလည်း ရန်မဖြစ်ကြဘူး။ ခြံအလုပ်ပဲ လုပ်နေကြတယ်”

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် စက်တင်ဘာလ ၂၀၂၅

## (၁) လက်နက်ကြီး၊ ဒရုန်းဖြင့် ပစ်ခတ်မှုကြောင့် ထိခိုက်သေဆုံးမှု

(က) ၂၀၂၅ စက်တင်ဘာ (၃) ရက်နေ့ နံနက် (၉) နာရီအချိန်ခန့်က တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ ကရင်ပြည်နယ်၊ ဘားအံခရိုင် ပိုင်ကျုံမြို့နယ် ပိတခါ ကျေးရွာအုပ်စု နောင်တခီကျေးရွာရှိ ကရင်ပညာရေးနှင့် ယဉ်ကျေးမှုဌာန အမှတ် (၇၀၈၂) ကော်သူးလေ (KECD) လက်အောက်တွင်လည်ပတ်နေသည့် စာသင်ကျောင်းတစ်ခုကို စစ်တပ်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

အဆိုပါ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင်း ကျောင်းဆရာတစ်ဦး၊ ဆရာမ တစ်ဦးနှင့် ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည့်အပြင် စာသင်ကျောင်း ရုံးခန်းနှင့် ကျောင်းခေါင်မိုးလည်း ထိခိုက်ပျက်စီးခဲ့သည်ဟု ကရင်အမျိုးသား အစည်းအရုံးက ထုတ်ပြန်သည်။

(ခ)၂၀၂၅ စက်တင်ဘာ ပထမအပတ်မှစတင်ကာ ကရင်ပြည်နယ်၊ မြဝတီ မြို့တောင်ပိုင်းရှိ လေးကေ့ကော်မြို့အနီးတစ်ဝိုက်တွင် မြဝတီမြို့အခြေစိုက် ခလရ (၂၇၅) တပ်ရင်း၊ သဃ်န်းညီနောင် အခြေစိုက်ခြေမြန်တပ်ရင်း ခမရ- ၃၅၅ နှင့် ခမရ (၃၅၆) တပ်ရင်းတို့မှ အာရှလမ်းပိုင်းပြည်လည်ထိန်းချုပ်နိုင်ခဲ့ သည့်နောက် စစ်ကော်မရှင်မှ စစ်ကော်မရှင်တပ်မှ လက်နက်ကြီးဖြင့် ရမ်းသမ်း ပစ်ခတ်နေသည့်အပြင် လေကြောင်းဖြင့်လည်း ဗုံးကြဲတိုက်ခိုက်နေသည်။

(ဂ) ၂၀၂၅ စက်တင်ဘာလ (၁၃) ရက်နေ့တွင် စစ်ကော်မရှင်တပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ကရင်ပြည်နယ် ကြာအင်းဆိပ် ကြီးမြို့နယ် သံပုရာကျေးရွာတွင် ချောင်း၌ငါးမျှားနေသူ အသက် (၅၀) အရွယ် ဦးဝင်းအောင်သည် လက်နက်ကြီးစ ထိမှန်သေဆုံးခဲ့သည်။

ဦးဝင်းအောင်၏ရုပ်အလောင်းကို ရွာသားများက စက်တင်ဘာလ (၁၄) ရက် နေ့ မနက်ပိုင်းတွင်မှ တွေ့ရှိခဲ့ပြီး လက်နက်ကြီးကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်နေသဖြင့် သံပုရာနှင့် အနီးအနားကျေးရွာများမှ ဒေသခံရွာသားများ

လည်း ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

(ဃ) ၂၀၂၅ စက်တင်ဘာ (၂၃) ရက်နေ့က ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကျုံဒိုး မြို့နယ်၊ ကျုံပိုင်းကျေးရွာအုပ်စုအတွင်း စစ်တပ်မှ လက်နက်ကြီးပစ်ခတ်မှုကြောင်း အရပ်သား (၇) ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဘုန်းကြီးကျောင်း ထိခိုက်ပျက်စီးခဲ့ဟု စုံး စမ်းသိရှိရသည်။

ကျုံဒိုးအခြေစိုက် စစ်တပ် ခြေမြန်တပ်ရင်း (၅၄၅) မှ နေ့လည်ပိုင်းအချိန် ကျုံပိုင်း ကျေးရွာအုပ်စုဖြစ်သည် ကော့ဒေးဆိုင်ကျေးရွာနှင့် ကော့ဝါးဘိုးရွာကို လက်နက်ကြီး ဖြင့် ပစ်ခတ်ခဲ့သည်။ အဆိုပါ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင်း ကော့ဒေးဆိုင် ကျေးရွာနေ့ ဒေသခံနှစ်ဦးနှင့် ကော့ဝါးဘိုး ဒေသခံ (၅) ဦးတို့ အသီးသီး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။




## (၂) မတရားဖမ်းဆီး ညှဉ်းပန်းနှိပ်စက်ခြင်း

(က) ၂၀၂၅ ဇွန်လ (၁၄) ရက်နေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ အကျဉ်းထောင်ရှိ ကြိုးကြာဆောင်တွင် အကျဉ်းကျနေသည့် နိုင်ငံရေးအကျဉ်းသား (၁၂) ဦးကို ထောင်ဆူပူမှုဖြစ်အောင် လှုံ့ဆော်သည်ဟုဆိုကာ ထောင်အာဏာပိုင်များ က ရိုက်နှက်နှိပ်စက်ခဲ့သည့်အပြင် ၎င်းတို့ကို သံခြေကျင်းခတ်ပြီး တိုက်ပိတ်ပြစ်ဒဏ် (၃) လ ချမှတ်ခဲ့သည်။

အဆိုပါနိုင်ကျဉ်းများသည် ညွှန်ကြားရေးမှူးများ အကျဉ်းထောင်ကို လာရောက် စစ်ဆေးချိန်တွင်အဓမ္မလုပ်အားပေးခံရခြင်း၊ သောက်သုံးရေနှင့် အစားအစာ မသန့် ရှင်းခြင်းတို့ကို ကြုံတွေ့နေရကြောင်း တင်ပြခဲ့သဖြင့် အကျဉ်းထောင်အာဏာပိုင်များ က အငြိုးထားက ထိုသို့ တိုက်ပိတ်နှိပ်စက်နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထောင်အာဏာပိုင်များ၏ ပြင်းထန်သည့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ဇူလိုင်လ

(၁၃) ရက်နေ့တွင် နိုင်ကျဉ်းကိုဥာဏ်မင်းထွန်း သေဆုံးခဲ့သည်။ ကိုဇော်ဝင်း ခေါ် ကိုဂျက်ကိုလည်းတိုင်ကြားမှုကို ဦးဆောင်သူဟု စွပ်စွဲကာ (၁) ကျော်ကြာ နေ့စဉ်ရိုက်နှက်နေသဖြင့် အဆုံးစီရင်ရန် ဆုံးဖြတ်သည်အထိ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နေသည်။

(ခ) ၂၀၂၅ ဩဂုတ်လ (၂၈) ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်ပေါက်ကျေးရွာနေ အသက် (၂၁) နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးကို နေ့လည် (၁၁) နာရီတွင် ရွာထဲရှိခြံ၌ ဆေးဖြန်းနေစဉ် မွန်ပြည်သစ်ပါတီ (စစ်အာဏာရှင်တိုက်ဖျက်ရေး - AD) မှ အဖွဲ့ဝင် (၄) ဦး ရောက်ရှိလာပြီး ၎င်းကို မူးယစ်ဆေးသုံးနေသည်ဟု ဆိုကာ ရိုက်နှက်ဖမ်းဆီးသွားသည်။

မူးယစ်ဆေးသုံးစွဲထားခြင်းရှိမရှိ စစ်ဆေးရန် အဆိုပါလူငယ်ကို မော်လမြိုင်ခရိုင် တောင်ပေါက်ကျေးရွာရှိ မြို့နယ်ရုံးသို့ ခေါ်ဆောင်သွားသည်ဟု သိရသည်။

## (၃) စစ်ဘေးရှောင်အခြေအနေ

(က) ၂၀၂၅ စက်တင်ဘာလ တတိယအပတ်မှစ၍ မွန်ပြည်နယ် မုဒုံမြို့နယ်နှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ကို ဆက်သွယ်ထားသည့် မုဒုံ(ချောင်းနှစ်ခွ) - ကြာအင်းဆိပ်ကြီးလမ်းပိုင်းကို စစ်တပ်က ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် (DKBA) နှင့် ပူးပေါင်းကာ စစ်ကြောင်းထိုးနေသည်။

စစ်ကြောင်းထိုးနေစဉ်အတွင်း တော်လှန်ရေးပူးပေါင်းတပ်များနှင့် တိုက်ပွဲဖြစ်ပွားနေပြီး ချောင်းနှစ်ခွအခြေစိုက် စစ်တပ်ကလည်း လက်နက်ကြီးဖြင့် ပစ်ကူပေးနေသည်။

ထို့ကြောင့် ကားလမ်းတလျှောက်ရှိ သံပုရာ၊ ထခနိမ်း၊ ဘုရားကုန်း၊ ချောင်းနှစ်ခွ၊ မရစ်နှင့် အောင်ချမ်းသာကျေးရွာများမှ ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။

(ခ) ၂၀၂၅ စက်တင်ဘာ (၈) ရက်နေ့က ကရင်ပြည်နယ်၊ ကော့ကရိတ်-သဃ်န်းညီနောင်လမ်းပိုင်းရှိ စစ်ကော်မရှင် အောင်ဇေယျာစစ်ကြောင်းသည် မြဝတီမြို့တောင်ပိုင်းဘက် လေးကေ့ကော်ဘက်သို့ စစ်ကြောင်းထိုး ဝင်ရောက်လာသည့်အတွက် ကျေးရွာ ၁၀ ရွာခန့်က ဒေသခံပြည်သူ ထောင်ချီတို့က ထွက်ပြေး တိမ်းရှောင်နေကြရကြောင်း ဒေသခံတို့ထံမှ သိရသည်။

စစ်ကြောင်းထိုးလာစဉ် လေးကေ့ကော်အနီးရှိ ရသေ့ဂူကျေးရွာ ဘုန်းကြီးကျောင်းနှင့် ရေတံခွန်အနီးသို့ ဂျက်ဖိုက်တာလေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံးသီး (၃) လုံးဖြင့် ကြဲချတိုက်ခိုက်ခဲ့သည်။

အဆိုပါဒေသဘက်ကို စစ်ကော်မရှင်တပ် စစ်ကြောင်းထိုး ဝင်ရောက်လာသည့်အပြင် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် လေးကေ့ကော်ဒေသရှိ ရသေ့ဂူ၊ မယ်

ထော်သလေး၊ အင်ကြင်းမြိုင်၊ ဖလူး၊ ထီးမယ်ဝါးခီး၊ ဘဲဟိကလော်၊ မင်းလက်ပံ စသည့် ကျေးရွာ ၁၀ ရွာခန့်က ဒေသခံပြည်သူများ ထွက်ပြေး တိမ်းရှောင်နေကြရသည်။

(ဂ) ပြီးခဲ့သည့် ဩဂုတ်နောက်ဆုံးပတ်မှစတင်ကာ ကော့ကရိတ်မြို့နယ် ကျုံဒိုး မြို့နယ် ကျုံပိုင်းရွာနှင့် အင်းကြီးရွာဘက်သို့ စစ်ကော်မရှင် စစ်ကြောင်းထိုးလာနေ ပြီး စက်တင်ဘာ (၂၁) ရက်နေ့အထိ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်တို့အကြား နှစ်ဖက်တိုက်ပွဲဖြစ်ပွားနေခဲ့သည်။
အဆိုပါ အင်းကြီးရွာနှင့် ကျုံဘိုင်းရွာ တိုက်ပွဲကြောင့် ကျေးရွာ (၄) ရွာရှိ ဒေသခံ (၆၀၀၀) ခန့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။
မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးအား စစ်တပ်ဘက်က ပြန်လည်ထိန်းချုပ်ထား သော်လည်း လမ်းမတစ်လျှောက်တွင် အပြည့်အဝ ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း၊ ထိုလမ်းပိုင်းတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့်အပြင် သယ်ယူပို့ဆောင်ရေး လည်း ဖြတ်တောက်နေသည်ဟု သိရသည်။

## (၄) လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့် မရှိခြင်း

၂၀၂၅ စက်တင်ဘာ (၁၄) ရက်နေ့မှစတင်ကာ ထိုင်း- မြန်မာနယ်စပ်၊ ကရင်ပြည်နယ်၊ မြဝတီမြို့ပေါ်ရပ်ကွက်ကို ည (၉) နာရီမှ မနက် (၅) နာရီအထိ ညမထွက်ရအမိန့်ကို ပြောင်းလဲသတ်မှတ်လိုက်ကြောင်း စစ်တပ်ခန့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှ အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်မှု ပြုလုပ်နေကြောင်း သိရသည်။
ယခင်ကညမထွက်ရအမိန့်ကို စစ်ကော်မရှင်မှ ည (၁၀) နာရီမှ မနက် (၄) နာရီအထိ သတ်မှတ်ထားသော်လည်း နယ်မြေရှင်းလင်းရေးနှင့် ထိုးစစ်ဆင်မှုများကို အရှိန်မြှင့် လုပ်ဆောင်နေသဖြင့် ညမထွက်ရအမိန့်ကို ထပ်မံတင်းကြပ်လိုက်ခြင်း ဖြစ်နိုင်ကြောင်း ဒေသခံများက ပြောသည်။

## (၅) တရားဥပဒေစိုးမိုးမှု မရှိခြင်း

(က) ၂၀၂၅ ဇူလိုင်လနှင့် ဩဂုတ်လတွင် ထိုင်းနိုင်ငံသို့ မတရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူ အထောက်အထားမဲ့ မြန်မာနိုင်ငံသား (၃၀၀) နီးပါးကို ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူဒေသနှင့် ထိုင်းနိုင်ငံ ကန်ချနပူရီခရိုင်နယ်စပ် တွင် ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း သိရသည်။
ဇူလိုင်လတွင် အထောက်အထားမဲ့မြန်မာနိုင်ငံသား (၁၁၅) ဦးနှင့် ဩဂုတ်လတွင်

(၁၇၉) ဦး စုစုပေါင်း (၂၉၄) ဦး ဖမ်းဆီးခံခဲ့ရခြင်းကြောင်း ကန်ချနပူရီအခြေစိုက် ထိုင်းသတင်းဌာနတစ်ခုက တင်ပြထားသည်။

ဖမ်းဆီးခံရသူများတွင် လူငယ်အမျိုးသား၊ အမျိုးသမီးများအပြင် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များလည်း ပါဝင်ပြီး နိုင်ငံရေးအကြပ်အတည်းနှင့် စားဝတ်နေရေးမပြေလည်မှုများကြောင့် နေရပ်ကို စွန့်ခွာကာ ထိုင်းနိုင်ငံသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

"လာတဲ့သူတွေက ထိုင်းဘက်မှာ အခြေအနေတင်းကြပ်ထားတာကို မသိဘူး။ ပွဲစားရဲ့စကားကို ယုံပြီး လာကြတာ။ အဖမ်းခံရတော့ ပွဲစားတွေက တာဝန်မယူဘူး။ ပေးထားတဲ့လမ်းစရိတ်ကလည်း မနည်းဘူး" ဟု ဘုရားသုံးဆူဒေသခံတစ်ဦးက ပြောသည်။

(ခ) ၂၀၂၅ စက်တင်ဘာလ ပထမအပတ်တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူနယ်စပ်လမ်းကို အသုံးပြုပြီး ထိုင်းနိုင်ငံသို့ အထောက်အထားမဲ့ ဝင်ရောက်လာသူ မြန်မာနိုင်ငံသား (၉၇) ကျော်ကို ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။


ဇန်နဝါရီလမှ သြဂုတ်လအထိ (၈) လတာကာလအတွင်း ရာနှင့်ချီသော အထောက်အထားမဲ့ မြန်မာနိုင်ငံသားများကို ထိုင်းအာဏာပိုင်များက လစဉ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးခံရသည့်အရေအတွက်အနေဖြင့် ဇန်နဝါရီလတွင် (၃၀၀) ကျော်၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများတွင် (၄၇၉) ဦး၊ ဇွန်လတွင် (၂၅၆) ဦး၊ ဇူလိုင်လတွင် (၁၁၅) ဦးနှင့် သြဂုတ်လတွင် (၂၃၁) ဦးတို့ ဖြစ်သည်။

၎င်းတို့သည် ထိုင်းနိုင်ငံသို့ တရားမဝင်,ဝင်ရောက်နိုင်ရန်အတွက် ပွဲစားများကို ထိုင်းဘတ်ငွေ (၁၅,၀၀၀) အထိ ပေးချေခဲ့ရသော်လည်း ဖမ်းဆီးခံရပြီးနောက်ပိုင်း ပွဲစားများက တာဝန်ယူဆောင်ရွက်ပေးခြင်း မရှိချေ။

# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## စက်တင်ဘာလ ၂၀၂၅




### ၁။ မတရားချုပ်နှောင်းဖမ်းဆီးခြင်း

(က) ၂၀၂၅ ဩဂုတ်လ (၉) ရက်နေ့ နေ့ခင်း (၂) နာရီ မိနစ် (၃၀) အချိန်တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ပြင်းထိန်ကျေးရွာကို စစ်ကော်မရှင်တပ်သားများ ဝင်ရောက်လာပြီး ရွာသား (၄) ဦးကို ရိုက်နှက်ဖမ်းဆီးကာ နေအိမ် (၂) လုံးမှ ငွေသား (၁၈၀,၀၀၀၀) ကျပ် နှင့် လက်ကိုင်ဖုန်းတစ်လုံးကို လုယက်သွားခဲ့သည်။

စစ်တပ် ရိုက်နှက်ခံခဲ့ရသည့်ရွာသားတစ်ဦးသည် လက်ရှိတွင် ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူနေပြီး အခြားဖမ်းဆီးခံရွာသား (၃) ဦးသည် ဩဂုတ်လ (၁၁) ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာကြသည်။

(ခ) ဩဂုတ်လ (၂၃) ရက်နေ့ မနက် (၁၀) နာရီတွင်လည်း ပြင်းထိန်ရွာသို့ စစ်ကြောင်းထပ်မံဝင်ရောက်လာပြီး အသက် (၄၀) ကျော်အရွယ် ကိုခင်မောင်ထွေးနှင့် ကိုကရင်တို့ (၂) ဦးကို ဖမ်းဆီးသွားသည့်အပြင် နေအိမ်တချို့မှ ဆန်၊ ဆီနှင့် စားသောက်စရာများကို လုယက်ခိုးယူသွားသည်။

“စစ်ကြောင်းရောက်လာတော့ ရွာကလူတွေ အကုန်ရှောင်ကြရတယ်။ ဖမ်းသွားတဲ့ (၂) ယောက်ကိုတော့ လောင်းလုံးမြို့က မြို့နယ်ထွေအုပ်ရုံးနားမှာ ပြန်လွှတ်ပေးလိုက်တယ်” ဟု ပြင်းထိန်ရွာသားတစ်ဦးက ပြောသည်။

(ဂ) ၂၀၂၅ ဩဂုတ်လ (၁၉) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် သာယာမွန်ကျေးရွာမှ အသက် (၁၈) နှစ်အရွယ် လူငယ်တစ်ဦးသည် ကော့လိုင်းကျေးရွာတွင် စစ်ကြောင်းနှင့် တိုးမိပြီး ဖမ်းဆီးခံခဲ့ရသည်။ စစ်တပ်က ၎င်း၏လက်ကိုင်ဖုန်းတွင် တော်လှန်ရေးတပ်ဖွဲ့များနှင့် ချိတ်ဆက်ထားသည့် အထောက်အထားများ တွေ့ရှိခဲ့သည်

ဟု စွပ်စွဲထားသည်။
အဆိုပါလူငယ်သည် ဩဂုတ်လ (၂၈) ရက်နေ့အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသည့်အပြင် မိသားစုဝင်များကလည်း ၎င်းကို တွေ့ဆုံခွင့်မရသေးကြောင်း သိရသည်။

(ဃ) ၂၀၂၅ ဩဂုတ်လဆန်းပိုင်းမှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ် အမှတ် (၈) ပြည်ထောင်စုလမ်းမကြီး၏ "မလွဲတောင်-ကလိန်အောင်" ကားလမ်းပိုင်းတလျှောက်တွင် စစ်ရေးတင်းမာနေပြီး တိုက်ပွဲများ ပြင်းထန်နေခြင်းကြောင့် ကျေးရွာ (၆) ရွာမှ ဒေသခံပြည်သူ (၄,၀၀၀) ကျော်သည် ထွက်ပြေးတိမ်းရှောင်နေရသည်။
ဩဂုတ်လ (၂၈) ရက်နေ့တွင် စစ်ရှောင်ဒေသခံ (၂၅) ဦးသည် နေအိမ်သို့ ခေတ္တပြန်လာစဉ်တွင် ဖမ်းဆီးခံလိုက်ရကြောင်း ဒေသခံများက ပြောသည်။
"သာယာမွန်က (၁၅) ယောက်၊ မိုင်(၆၀)က (၇) ယောက်နဲ့ ရာဖူးရွာသစ်က (၃) ယောက် စုစုပေါင်း (၂၅) ယောက် ပါသွားတယ်။ အဲ့အထဲမှာ အမျိုးသမီး (၅) ယောက် ပါတယ်" ဟု ဒေသခံသတင်းရင်းမြစ်တစ်ခုက ပြောသည်။

(င) ၂၀၂၅ စက်တင်ဘာလ (၁၄) ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံမြို့နယ် လောင်းလုံးမြို့ ထိန်သစ်ရပ်ကွက် တောင်ပေါ်ဘုရားတွင် တပ်စွဲထားသည့် စစ်တပ်၏စစ်ဆေးရေးဂိတ်ကို တော်လှန်ရေးတပ်ဖွဲ့တို့က ဝင်ရောက်တိုက်ခိုက်ခဲ့သည်။
တိုက်ပွဲပြီးနောက် စက်တင်ဘာလ (၁၅) ရက်နေ့ မနက်ပိုင်းတွင် လောင်းလုံးမြို့ လူဝင်မှုကြီးကြပ်ရေးရုံးတွင် တပ်စွဲထားသည့် စစ်အာဏာရှင်တပ်ဖွဲ့ဝင်များက သဗျာကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်များကို ရှာဖွေစစ်ဆေးခဲ့သည်။
၎င်းနောက် ကိုစိုးဖေ၊ ကိုမောင်လှထွေး၊ ကိုမင်းဟိုနှင့် ၎င်း၏သားဖြစ်သူတို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံများက ပြောသည်။

## ၂။ သတ်ဖြတ်ခြင်း

(က) ၂၀၂၅ ဩဂုတ်လဆန်းပိုင်းမှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကလိန်အောင် - မလွဲတောင်လမ်းပိုင်းတလျှောက်တွင် စစ်ကော်မရှင်တပ်နှင့် မွန်ကရင် တော်လှန်ရေးပူးပေါင်းတပ်တို့အကြား နေ့စဉ်နီးပါး တိုက်ပွဲပြင်းထန်နေပြီး ဒေသခံပြည်သူများသည်လည်း ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။
သာယာမွန်ကျေးရွာတွင်လည်း ရွာလုံးကျွတ် တိမ်းရှောင်နေရပြီး ဩဂုတ်လ (၂၆) ရက်နေ့တွင် ကျေးရွာအပြင်ဘက်၌ နေထိုင်နေသည့် အသက် (၉၆) နှစ်အရွယ် အဘွားအိုကို သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း ရွာသားများက ပြောသည်။

(ခ) ၂၀၂၅ ဩဂုတ်လ ဒုတိယအပတ်မှစ၍ စစ်တပ်က တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်ရှိ ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်နေပြီး အရပ်သားပြည်သူ (၂) ဦးကို သတ်ဖြတ်ကာ နေအိမ် (၇၆) လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင် ဥတ္တုကျေးရွာမှ ကား (၁) စီးနှင့် နေအိမ် (၁) လုံးကို လည်းကောင်း၊ ဩဂုတ်လ (၂၂) ရက်နေ့တွင် စော်ဖျားကျေးရွာမှ နေအိမ်အလုံး (၆၀) ကို လည်းကောင်း၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် မိုးရွှေကုန်းကျေးရွာမှ နေအိမ် (၁၅) လုံးကို လည်းကောင်း မီးရှို့ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။

၎င်းပြင် ဩဂုတ်လ (၂၇) ရက်နေ့ နံနက်ပိုင်းတွင် မိုးရွှေကုန်းရွာသား (၂) ဦး၏ ရုပ်အလောင်းများကို ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများအနီးတွင် ရွာသားများက တွေ့ရှိခဲ့သည်။

(ဂ) တိုက်ပွဲနှင့် စစ်ရေးတင်းမာမှုများကြောင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရေး - ထားဝယ်ကားလမ်းမကြီး၏ ကလိန်အောင် - မလွှဲတောင်လမ်းပိုင်းကို ၂၀၂၅ ဩဂုတ်လ (၂၆) ရက်နေ့တွင် ပိတ်ပင်ခဲ့သည်။ စက်တင်ဘာလ (၆) ရက်နေ့တွင် အဆိုပါလမ်းပိုင်းကို ကနဦး (၃) ရက်တာ ပြန်လည်ဖွင့်ပေးမည်ဟု တော်လှန်ရေးအင်အားစုများက ပြောသည်။ လမ်းပြန်လည်ဖွင့်လှစ်ပြီး နာရီပိုင်းအကြာတွင် မရမ်းချောင်းကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ကုန်တင်ယာဉ်မောင်း (၁) ဦးနှင့် ယာဉ်အကူ (၁) ဦး သေနတ်ထိမှန်သေဆုံးခဲ့ပြီး ၎င်းတို့၏ကုန်တင်ကားလည်း မီးလောင်ပျက်စီးခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

(ဃ) ၂၀၂၅ စက်တင်ဘာ (၆) ရက်နေ့တွင် စစ်ကော်မရှင်စစ်ကြောင်းသည် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူးကျေးရွာနှင့် ကျွဲတလင်းကျေးရွာသို့ စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး စက်တင်ဘာလ (၁၂) ရက်နေ့တွင် ရာဖူးကျေးရွာမှ ကလိန်အောင်မြို့နှင့် မရမ်းချောင်းကျေးရွာသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

စစ်တပ်ပြန်လည်ဆုတ်ခွာပြီးနောက် ရွာသားများ နေအိမ်သို့ပြန်လာချိန်တွင် ကွက်သစ်ရပ်ကွက်၌ သတ်ဖြတ်ခံထားရသည့် ရာဖူးကျေးရွာ ကွက်သစ်ရပ်ကွက်မှ အသက် (၁၇) နှစ်နှင့် (၂၅) နှစ်အရွယ် ညီအစ်ကိုနှစ်ဦး၏ ရုပ်အလောင်း (၂) ခုကို တွေ့ရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။

## ၃။ မြေမြှုပ်မိုင်း

(က) ၂၀၂၅ ဩဂုတ်လ (၃၀) ရက်နေ့ နံနက်ပိုင်းအချိန်တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် မရမ်းချောင်းကျေးရွာမှ အသက် (၃၀) အရွယ် ကိုသိန်းထိုက်ဦး (ခ) ကိုမွန်သည် ဇနီးဖြစ်သူနှင့်

အတူ ကလိန်အောင်မြို့တွင် ဈေးဝယ်ပြီး ပြန်လာစဉ် မရမ်းချောင်းနှင့် ကော့လှိုင်ကျေးရွာကြား ကားလမ်းဘေးတွင် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။

မိုင်းပေါက်ကွဲမှုကြောင့် ကိုသိန်းထိုက်ဦး၏ ခြေထောက်တွင် ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ မိန်းမဖြစ်သူကမူ ဘေးကင်းခဲ့သည်။

(ခ) ၂၀၂၅ စက်တင်ဘာလ (၁) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရေး -ထားဝယ်ကားလမ်းဘေးရှိ မရမ်းချောင်းကျေးရွာတွင် မိသားစုတစ်စုသည် မြေမြှုပ်မိုင်းနင်းမိပြီး မိုင်းပေါက်ကွဲမှုကြောင့် အသက် (၂) နှစ်အရွယ် ကလေးငယ် (၁) ဦး သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောသည်။
အသက် (၅၀) အရွယ်ဖခင်ဖြစ်သူ ဦးကိုဦးနှင့် ဇနီးဖြစ်သူ အသက် (၅၀) အရွယ် ဒေါ်ဇာခြည်မိုးတို့သည် စားနပ်ရိက္ခာယူရန်အတွက် စစ်ရှောင်ရာမှ ကျေးရွာသို့ ပြန်လာခဲ့သည်။ ထိုသို့ပြန်လာစဉ် ကော့လှိုင်နှင့် မရမ်းချောင်းကျေးရွာကြား ရေး - ထားဝယ်ကားလမ်းနံဘေးတွင် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ မိုင်းပေါက်ကွဲမှုကြောင့် လင်မယားနှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည့်အပြင် အသက် (၂) အရွယ်သားဖြစ်သူလည်း သေဆုံးခဲ့ရသည်။
"မရမ်းချောင်းနဲ့ ကော့လှိုင်ကြားက ပထမဖြစ်တဲ့(မိုင်းပေါက်ကွဲတဲ့)နေရာမှာပဲ။ ဆိုင်ကယ်တစ်စီး လဲလို့ လမ်းပိတ်နေတာကို သွားဖယ်တဲ့အချိန်မှာ မိန်းမဖြစ်သူကလည်း ကလေးကို ချီသွားတယ်။ အဲမှာ မိုင်းက ထပေါက်တာ။ ကလေးကတော့ ပွဲချင်းပြီးဆုံးသွားတယ်" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။




## ၄။ လက်နက်ကြီးပစ်ခတ်မှု

(က) ၂၀၂၅ စက်တင်ဘာလ (၈) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူးကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း စစ်တပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် အသက် (၃) နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးပြီး အသက် (၄၀) အရွယ် အမျိုးသားတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မရမ်းချောင်းကျေးရွာတွင် တပ်စွဲထားသည့် စစ်တပ်က လက်နက်ကြီး (၃) လုံး ပစ်ခတ်ခဲ့ရာ ရာဖူးကျေးရွာရှိ နေအိမ်များပေါ်သို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သည်။

၅) ပြည်သူ့အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးခြင်း

(က) ၂၀၂၅ စက်တင်ဘာလ (၇) ရက်နေ့တွင် တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် မိုးရွှေကုန်းကျေးရွာနှင့် အနီးအနားဝန်းကျင်ကို အင်အား (၁၀၀) ကျော်ပါ စစ်ကြောင်းထိုးဝင်ရောက်ခဲ့ရာ အဆိုပါစစ်ကြောင်းကို တော်လှန်ရေးတပ်ဖွဲ့များက ရန်တောင်ရွာအနီးတွင် မိုင်းဆွဲတိုက်ခိုက်ခဲ့သည်။

တိုက်ခိုက်ခံရပြီးနောက် စစ်ကြောင်းသည် ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်အလုံး (၃၀) ကို မီးရှို့ခဲ့သည့်အပြင် သက္ကုန်းကျေးရွာမှ နေအိမ် (၈) လုံးကိုလည်း မီးရှို့ခဲ့သည်။




## ၆) လေကြောင်းတိုက်ခိုက်မှု

(က) ၂၀၂၅ စက်တင်ဘာလ (၁၅) ရက်နေ့ မနက် (၁၀) နာရီအချိန်ခန့်တွင် တနင်္သာရီတိုင်း လထားဝယ်မြို့နယ် ထားဝယ်အရှေ့တောဒေသ ပကာရီကျေးရွာကို စစ်ကော်မရှင်တပ်က ဗုံးကြဲခဲ့သည့်အပြင် စက်သေနတ်ဖြင့်ပါ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘုန်းကြီးကျောင်း (၁) ကျောင်းနှင့် နေအိမ် (၃) လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

စက်တင်ဘာလ (၁၄) ရက်နေ့တွင် ပကာရီနယ်မြေရဲစခန်းနှင့် ယက္ကန်းစင်ဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကော်မရှင်တပ်များကို တော်လှန်ရေးအင်အားစုများက ပူးပေါင်းတိုက်ခိုက်ခဲ့သည်။

စက်တင်ဘာလ (၁၅) ရက်နေ့အထိ တိုက်ပွဲဆက်လက်ဖြစ်ပွားနေပြီး စစ်တပ်က ယက္ကန်းစင်ဘုန်းတော်ကြီးကျောင်းကို ဗုံးကြဲကာ စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

တိုက်ခိုက်မှုကြောင့် ဘုန်းတော်ကြီးကျောင်းခေါင်မိုးနှင့် မျက်နှာကြက်များ ပျက်စီးခဲ့သည့်အပြင် ဘုရားစေတီများလည်း ထိခိုက်ခဲ့သည်။ ၎င်းပြင် အနီးအနားရှိ နေအိမ် (၃) လုံး ထက်မနည်းလည်း မီးလောင်ပျက်စီးခဲ့သည်။

(ခ) ၂၀၂၅ စက်တင်ဘာလ (၁၇) ရက်နေ့ မနက် (၁၁) နာရီကျော်အချိန်ခန့်တွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိသော်လည်း စစ်တပ်က တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ပကာရီ၊ ပ

ခပ်နှင့် ရေဝိုင်းကျေးရွာများကိုလည်းကောင်း၊ သရက်ချောင်းမြို့နယ် ကင်းရှေ့၊ ဥတ္တမ၊ စော်ဖျားနှင့် မဲနယ်အိုးကျေးရွာများကိုလည်းကောင်း၊ လောင်းလုံးမြို့နယ် ဝေဒီ၊ သပြေရှောင်၊ ကြက်ယက်တွင်းနှင့် ကျောက်တွင်းမြို့နယ်များကိုလည်းကောင်း Y12 လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား (၃) ဦး သေဆုံးပြီး ကလေးငယ် (၃) ဦး အပါအဝင် (၄) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

## ၇) ပညာရေး

(က) ၂၀၂၅ ဩဂုတ်လမှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ်တွင် စစ်တပ်က အင်အားဖြည့်တင်းခြင်းနှင့် စစ်ကြောင်းထိုးနေခြင်း၊ တိုက်ပွဲများပြင်းထန်နေခြင်းနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်းတို့ကြောင့် ကျောင်းသူကျောင်းသားများသည် ဘေးလွတ်ရာထွက်ပြေးနေရပြီး စာသင်ကျောင်းများလည်း ပိတ်ထားရကြောင်း သိရသည်။

စစ်ရေးတင်းမာနေသည့် ကျွဲတလင်း၊ မရမ်းချောင်း၊ သာယာမွန်၊ ရေပူရွာသစ်၊ ရာဖူး၊ ရွှေတိုင်၊ ကျောက္ကဒင်၊ အလယ်စခန်း၊ ဘုရားသုံးဆူနှင့် စိန်ဘုံကျေးရွာများတွင် ကျောင်းသားကျောင်းသူများသည် မိဘများနှင့်အတူ စစ်ဘေးရှောင်နေရသဖြင့် ကျောင်းများ ပိတ်ထားရသည်။

"ကလေးတွေအတော်များများ ကျောင်းမတက်နိုင်သေးဘူး။ အခြေအနေကောင်းရင် ရွာမှာ ကျောင်းပြန်တက်ဖို့ ရှိပေမဲ့ လောလောဆယ်တော့ ပစ်နေကြတုန်းပဲ။ ရွာမပြန်ရဲဘူး" ဟု ရေဖြူမြို့နယ်မှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

## (၈) စစ်ဘေးရှောင်အခြေအနေ

၂၀၂၅ စက်တင်ဘာလ (၁၄) ရက်နေ့ ညနေပိုင်းအချိန်တွင် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ထားဝယ်အရှေ့တောဒေသ ပကာရီကျေးရွာရှိ ရက်ကန်းစင်ဘုန်းတော်ကြီးကျောင်းတွင် ယာယီတပ်စွဲထားသည့် စစ်ကော်မရှင်တပ်ကို တော်လှန်ရေးအင်အားစုများက ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

တိုက်ပွဲဖြစ်ပွားနေစဉ်အတွင်း ပကာရီရဲစခန်းက လက်နက်ကြီးဖြင့် ပစ်ကူပေးခဲ့ရာ ပကာရီနှင့် ပခတ်ကျေးရွာမှ ဒေသခံပြည်သူ (၃,၅၀၀) ကျော်သည် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

"လက်နက်ကြီးရမ်းသမ်းပစ်လို့ အရပ်သားသေဆုံးရတဲ့ဟာက ပကာရီမှာ နှစ်ခါသုံးခါလောက် ရှိနေပြီ။ နေအိမ်ပေါ်ကို လက်နက်ကြီးကျလို့ သေဆုံးသွားတာမျိုးတွေရှိနေ

တော့ တိုက်ပွဲဖြစ်ရင် ရွာသားတွေက ရွာထဲမှာ မနေရဲကြတော့ဘူး” ဟု စစ်ရှောင်အရေးကို ကူညီပေးနေသူတစ်ဦးက ပြောသည်။
တိုက်ပွဲသည် နာရီဝက်နီးပါး ကြာမြင့်ခဲ့ပြီး စစ်ရှောင်ပြည်သူများသည် နီးစပ်ရာ တောတောင်နှင့် ဥယျာဉ်ခြံများတွင် ပုန်းအောင်းနေကြရသည်။

## (၉) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

(က) တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ကျောက်ဆင်ကျေးရွာမှ အသက် (၈) နှစ်နှင့် (၆) လအရွယ် မိန်းကလေးငယ်ကို တစ်ရွာတည်းနေ အသက် (၅၀) အရွယ် ဦးဇော်ဇော်ဆိုသူက ၂၀၂၅ ခုနှစ် မိုးရာသီကာလ (ဇွန်-စက်တင်ဘာ) အတွင်း (၆) ကြိမ်ထက်မနည်း မုဒိမ်းအကြိမ်ကြိမ်ပြုကျင့်ခဲ့ကြောင်း သိရသည်။

“ဝါးခုတ်သွားမယ်၊ ကင်ပွန်းချဉ်ရွက်သွားခူးမယ်ဆိုပြီး ကလေးငယ်ကို လာလာခေါ်တာ၊ မိဘတွေကလည်း သူနဲ့ရင်းနှီးနေတော့ ထည့်လိုက်တယ်။ နောက်ဆုံးတစ်ခေါက်ဖြစ်တဲ့ စက်တင်ဘာလ (၃) ရက်နေ့မှာ မိန်းကလေးငယ်က မျက်နှာမကောင်းတဲ့အပြင် နောက်ကျောမှာ အမှိုက်တွေကပ်ပါလာတော့ မေးကြည့်မှ သူ့အမေ သိရတာ” ဟု မိသားစုဝင်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။

(ခ) ၂၀၂၅ စက်တင်ဘာလ (၂၇) ရက်နေ့တွင် တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ် ဥတ္တူကျေးရွာ၌ ခြေထောက်တစ်ဖက်ဖြတ်ထားရသည့် အသက် (၇၅) နှစ်အရွယ် အဘွားအိုတစ်ဦးကို စစ်ကော်မရှင်တပ်သားတစ်ဦးက အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။

သရက်ချောင်းမြို့နယ်အခြေစိုက်စစ်ကြောင်းတစ်ကြောင်းသည် စက်တင်ဘာ (၂၁) ရက်နေ့တွင် သင်းကျွန်းနှင့် ရန်တောင်ကျေးရွာများတွင် (၄) ရက်တာခန့် တပ်စွဲပြီးနောက် ဥတ္တူကျေးရွာသို့ စစ်ကြောင်းထိုး ဝင်ရောက်လာခဲ့သည်။

စစ်ကြောင်းဝင်ရောက်လာသဖြင့် ဥတ္တူရွာသားအများစု ထွက်ပြေးခဲ့ကြသော်လည်း ထွက်မပြေးနိုင်သူများသည် နေအိမ်တွင် ကျန်ရစ်နေခဲ့သည်။ မပြေးနိုင်၍ ကျန်ရစ်ခဲ့ရသူများတွင် အဆိုပါအဘွားအိုလည်း ပါဝင်သည်။

“ည (၄) နာရီလောက်မှာ ဖြစ်သွားတာ။ အဘွားက ညီမဖြစ်သူနဲ့ အတူနေ,နေတာ။ ဖြစ်တဲ့အချိန်မှာ ညီမက ရှိမနေဘူး။ စစ်သားက အရက်မူးပြီး ဝင်လာတာ။ အခု အဘွားကို ဥတ္တူရွာကနေ ခေါ်ထုတ်လာပြီး လုံခြုံတဲ့နေရာတစ်ခုမှာ ထားထားတယ်လို့ ကြားတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ်၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

စစ်ဘေးဒုက္ခသည်၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

စက်တင်ဘာလ ၂၀၂၅

## မွန်ပြည်နယ်

| စစ်ဘေးဒုက္ခသည် | သတ်ဖြတ်မှု | ဒဏ်ရာအနာတရ ရရှိသူ |
|---|---|---|
| ၇၃၀၀ | ၁၃ | ၂၀ |

## ကရင်ပြည်နယ်

| စစ်ဘေးဒုက္ခသည် | သတ်ဖြတ်မှု | ဒဏ်ရာအနာတရ ရရှိသူ |
|---|---|---|
| ၂၁၆၀၀+ | ၁၀ | ၂၆ |

## တနင်္သာရီတိုင်းဒေသ

| စစ်ဘေးဒုက္ခသည် | သတ်ဖြတ်မှု | ဒဏ်ရာအနာတရ ရရှိသူ |
|---|---|---|
| ၃၃၆၈၀ | ၁၆ | ၃၃ |

# မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

## ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

### စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရှိသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND

မွန်ပြည်လူ့ အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။